# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ကုန်တင်ယာဉ်များ သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ (Version 1.0)**

**(Updated as of 28-2-2021)**

## (က) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များမှ လိုက်နာဆောင်ရွက်ရမည့် အချက်များ

- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအလိုက် ကုန်တင်ယာဉ်များ မောင်းနှင့်ရမည့် လမ်းကြောင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များမှ ရွေးချယ်သတ်မှတ်ပေးရန်။
- ကုန်တင်ယာဉ်များအနေဖြင့် အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်ရန် မိမိတိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ဖြတ်သန်းခြင်းဖြစ်ပါက ဖြတ်သန်းသွားလာရမည့် လမ်းကြောင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သတ်မှတ်ပေးရန်။
- အခြားသောမြို့များသို့ သွားရောက်မည့် ကုန်တင်ယာဉ်များအား မြို့များသို့ ဝင်ရောက်ခြင်းမပြုဘဲ မြို့ရှောင်လမ်းများမှသာ ဖြတ်သန်းသွားလာစေရန်။
- ယာဉ်ရပ်နားချိန်တွင် ယာဉ်တစ်စီးနှင့်တစ်စီး အနည်းဆုံး ပေ(၂၀)ခန့်ခြား၍ ရပ်နားစေရန်၊ ယာဉ်မောင်း၊ယာဉ်နောက်လိုက်များသည် အခြားယာဉ်များမှယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၊ အခြားခရီးသွားများ၊ ဒေသခံများနှင့် တွေ့ဆုံခြင်း၊ စကားပြောခြင်း၊ စုဖွဲ့စားသောက်ခြင်းများ မပြုလုပ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်။
- တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဆက်သွယ်ဖောက်လုပ်ထားသော လမ်းများအတိုင်း မောင်းနှင်ရမည်ဆိုပါက တစ်ထောက်နားရပ်ကို မြို့/ရွာနှင့်လွတ်ကင်းသည့် နေရာများတွင် သတ်မှတ်ထားရှိပြီး အဆိုပါ နေရာများတွင် ကုန်တင်ယာဉ်များကို ရပ်နားစေရန်။
- မိမိတို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်း ကုန်တင်ယာဉ်များ ရပ်နားရမည့် တစ်ထောက်နားရပ် အရေအတွက် မည်မျှထားရှိသင့်သည်ကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်

များက ဆုံးဖြတ်ရန်နှင့် တစ်ထောက်နားရပ်များ ဆောက်လုပ်ခြင်းကို တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များအစီအစဉ်ဖြင့် ဆောင်ရွက်ရန်။

- ခရီးထွက်သည်မှ ခရီးဆုံးရောက်သည်အထိ လမ်းတစ်လျှောက် တစ်ထောက်နားရပ်များ အဖြစ် သတ်မှတ်ထားသည့် နေရာများမှလွဲ၍ ကျန်နေရာများတွင် ရပ်နားခြင်း မပြုစေရန်။
- အကြောင်းအမျိုးမျိုးကြောင့် မဖြစ်မနေညအိပ်ရပ်နားရမည်ဆိုပါက အဆိုပါတစ်ထောက်နား ရပ်များတွင်သာ ညအိပ်နိုင်သည့် ယာယီနေရာ စီစဉ်ပေးရန်။
- မြို့တွင်းသို့ ဝင်ရောက်ရန် မလိုဘဲ မြို့ပြင်တွင် ထူထောင်ထားသည့် စက်မှုဇုန်၊ ကုန်စည်ဒိုင် များ၊ ပစ္စည်းသိုလှောင်ရာနေရာများသို့ ပို့ဆောင်ရန် ဖြစ်ပါက ကုန်တင်ယာဉ်များအား အဆိုပါ နေရာများသို့ တိုက်ရိုက်သွားရောက်ခွင့်ပြုရန်၊ အဆိုပါ နေရာများတွင် ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ ညအိပ်/ နားနေ/ စားသောက်နိုင်ရေး ယာဉ်ပိုင်ရှင်/ယာဉ်ငှားရမ်းသူ/ ကုန်ပစ္စည်းလက်ခံမည့်သူက စီစဉ်ပေးခြင်း ရှိ/မရှိ စိစစ်ဆောင်ရွက်ရန်။
- ကုန်ပစ္စည်းပို့ဆောင်ရမည့်နေရာသည် မြို့ပြင်၌ မဟုတ်ဘဲ မြို့တွင်း၌ ရှိနေပြီး ဒေသအာဏာ ပိုင်များမှ မြို့တွင်းသို့ မဝင်ရောက်စေလိုပါက မြို့ပြင်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သတ်မှတ်ပေးထားသော နေရာတွင်သာ ကုန်တင်ယာဉ်များအား ရပ်နားစေပြီး ကုန်ပစ္စည်း တင်/ချမှု ပြုလုပ်စေရန်နှင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ ညအိပ်/နားနေရန် နေရာ ကို တိုင်းဒေသကြီးနှင့်ပြည်နယ် အစီအစဉ်ဖြင့်လည်းကောင်း၊ စားသောက်ရေးကို ကုန်လက်ခံ မည့်သူ သို့မဟုတ် သက်ဆိုင်သူများမှလည်းကောင်း တာဝန်ယူစီစဉ်ပေးရန်။
- ကုန်ပစ္စည်းပို့ဆောင်ရမည့်နေရာများမှာ မြို့ပြင်၌ မဟုတ်ဘဲ မြို့တွင်း၌ရှိနေပြီး ဒေသ အာဏာပိုင်များမှ ကုန်တင်ယာဉ်များ မြို့တွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဆိုပါက တစ်နေရာ တည်းတွင် ကုန်တင်/ချရန်နှင့် ယာဉ်ရပ်နားရန် သီးခြားနေရာ၊ ယာဉ်မောင်းနှင့် ယာဉ်နောက် လိုက်များ နားနေ စားသောက်ရေးတို့ကို ယာဉ်ပိုင်ရှင်/ ယာဉ်ငှားရမ်းသူ/ ကုန်ပစ္စည်းလက်ခံ သူက တာဝန်ယူ စီစဉ်ပေးခြင်း ရှိ/မရှိ စိစစ်ရန်။
- ကုန်ပစ္စည်း ချပြီးသည်နှင့် ပြန်လည်ထွက်ခွာစေရန်၊ လမ်းခရီးတွင် တစ်ထောက်နားရပ်များ မှလွဲ၍ မည်သည့် နေရာတွင်မှ ယာဉ်ရပ်နားခြင်းမပြုရန်၊ (ကားပျက်သည် မှလွဲ၍)
- လမ်းခရီးတွင် မဖြစ်မနေ ယာဉ်ရပ်နားမည့် အကြောင်းတစ်စုံတရာ ပေါ်ပေါက်ပါက မြို့/ ရပ်ကွက်/ ကျေးရွာအတွင်းဖြစ်လျှင် လမ်းဧရိယာနှင့် လွတ်ကင်းသောနေရာတွင် ရပ်တန့်စေရန်။
- ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ လမ်းခရီး၌ ဝယ်ယူစားသုံးခြင်းအား လျှော့ချရန် အတွက် စတင်ထွက်ခွာရာအရပ်မှ ခရီးလမ်းဆုံးရောက်သည်အထိ ၎င်းတို့အတွက် လိုအပ် သော စားစရာနှင့် သောက်သုံးရေအား ယာဉ်နှင့်အတူ တစ်ပါတည်းပါရှိစေရေး ယာဉ်ပိုင်ရှင်/ ယာဉ်ငှားရမ်းသူ/ ကုန်ပစ္စည်းလက်ခံမည့်သူများမှ လိုအပ်သလို စီစဉ်ပေးရန်။

- အထက်အပိုဒ်များပါ စည်းကမ်းချက်များအား ကုန်တင်ယာဉ်အားလုံး သိရှိနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ထုတ်ပြန်ကြေညာပေးရန်။
- ကုန်တင်ယာဉ်များ စည်းကမ်းဖောက်ဖျက်မှုမရှိစေရေး စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားရန်။ **ကုန်တင်ယာဉ်များ စစ်ဆေးခြင်းကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဒေသအာဏာပိုင်များက တာဝန်ပေးအပ်ထားသည့်အဖွဲ့အစည်းများကသာစစ်ဆေးရန်၊** မလိုလားအပ်သော အုပ်ချုပ်မှုပြဿနာများမဖြစ်ပေါ်စေရေး ပရဟိတအဖွဲ့အစည်းများကိုလုပ်ပိုင်ခွင့်ပေး၍ ဆောင်ရွက်ခြင်းမျိုး မပြုရန်၊
- ခရီးစဉ် အစနှင့်အဆုံးနေရာများ၌ ကုန်တင်ယာဉ်များတွင် ပါရှိသော ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို ကျန်းမာရေးစစ်ဆေးမှုများကိုဆောင်ရွက်နိုင်သော်လည်း အချိန်ကြန့်ကြာစွာ စစ်ဆေးသည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုနှင့် လူစုလူဝေးမဖြစ်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူ အဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်ရန်၊
- **ကုန်တင်ယာဉ်များကိုစစ်ဆေးမှုများအားစနစ်တကျ မှတ်တမ်းပြုစု၍ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအား ပုံမှန်တင်ပြရန်၊ စည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများထံတင်ပြ၍ ပညာပေးခြင်းအပါအဝင်လိုအပ်သလို အဆင့်ဆင့်အရေးယူဆောင်ရွက်ရန်။**

## (ခ) ညအိပ်/တစ်ထောက်နားရပ်နေရာများတွင် ဆောင်ရွက်ထားရှိရမည့် အချက်များ

- ညအိပ်/တစ်ထောက်နားရပ်နေရာများတွင် ရေမီး၊အိမ်သာ ပြည့်စုံအောင် ဆောင်ရွက်ပေးရန်။
- ညအိပ်မည့်နေရာအား ဖြစ်နိုင်ပါက လူတစ်ဦးလျှင် (၁)ခန်း သီးသန့်ထားရှိနိုင်ရေး ဆောင်ရွက်ပေးရန်၊ တစ်ဦးလျှင်(၁)ခန်း ထားရှိနိုင်ခြင်းမရှိပါက (၃) ပေအကွာတွင် ခုတင်များ ထားရှိ၍ တစ်ဦးချင်းသီးသန့်ရှိစေရန် အကာအရံ(Partion) ထားရှိပေးရန်၊ အကာအရံထားရှိရန် မဖြစ်နိုင်ပါက ခုတင်များကို(၆) ပေအကွာတွင် ထားရှိရန်။
- လက်သန့်ဆေးရည်များ ထားရှိရန်၊ အမှိုက်များအား စနစ်တကျ စွန့်ပစ်စေရန်နှင့် ၎င်းတို့နှင့် ပတ်သက်သည့် ကျန်းမာရေး အသိပေးစာစောင်များအား ချိတ်ဆွဲထားရှိရန်။
- ကုန်တင်ယာဉ်များအတွက် တစ်ထောက်နားရပ်နေရာများရှိ ညအိပ်မည့် ယာယီနေရာများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID-19 ရောဂါကာကွယ်၊ တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖြစ်စေရေး စနစ်တကျ ဆောင်ရွက်ထားရှိရန်။

- ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ညအိပ်/တစ်ထောက်နားရပ်နေရာ အဝန်းအဝိုင်း မှလွဲ၍ အခြားမည်သည့် နေရာများသို့ သွားလာခြင်း မပြုစေရန်။

## (ဂ) ကုန်တင်ယာဉ်ပိုင်ရှင်များ/ ယာဉ်ငှားရမ်းသူများ/ ကုန်ပစ္စည်း လက်ခံမည့်သူများ လိုက်နာရမည့် အချက်များ

- လိုအပ်ပါက အလှည့်ကျမောင်းနှင်နိုင်ရန် ယာဉ်မောင်းနှစ်ဦးထားရှိပေးရန်။
- ယာဉ်ပေါ်သို့ မတက်မီနှင့် ယာဉ်ပေါ်မှဆင်းလျှင် လက်ဆေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရန်။
- ယာဉ်ပေါ်တွင် ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ လိုက်နာနိုင်ရေး စီစဉ်ဆောင်ရွက်ထားရန်။
- လမ်းခရီးတွင် အခြားကုန်ပစ္စည်းနှင့်ခရီးသည်များ လုံးဝတင်ဆောင်ခြင်းမပြုစေရေး တားမြစ်ရန်နှင့်သတ်မှတ်စည်းကမ်းများကို လိုက်နာခြင်းမရှိသည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို ထိရောက်စွာ အရေးယူသွားရန်။
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းသို့ ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာစဉ် မော်တော်ယာဉ်စက်ချို့ယွင်းမှု သို့မဟုတ် အရေးပေါ် ကျန်းမာရေးကိစ္စရပ် ပေါ်ပေါက်ပါက တတ်နိုင်သရွေ့ အခြားနေရာများသို့ ထွက်ခွာခြင်းမပြုဘဲ မြို့နယ် COVID-19 ကော်မတီများ၊ အဝေးပြေး ကုန်တင်ယာဉ်များအသင်းနှင့်ဆက်သွယ်၍ မော်တော်ယာဉ်ပြုပြင်ခြင်းနှင့် ကျန်းမာရေး ကုသမှုခံယူခြင်းများ ဆောင်ရွက်ရန်။
- ကုန်တင်ယာဉ်များ ကုန်မတင်မီနှင့် ခရီးစဉ် ပြီးဆုံးချိန်များတွင် ပိုးသတ်ဆေးဖြန်းခြင်းကို ဆောင်ရွက်ရန်။
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID-19 ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များအား တိကျစွာ လိုက်နာဆောင်ရွက်ရန်။

## (ဃ) ယာဉ်မောင်း/ ယာဉ်နောက်လိုက်များ လိုက်နာရမည့် အချက်များ

- လုပ်ငန်းဆောင်ရွက်ချိန်မဟုတ်ပါက တတ်နိုင်သမျှ မိမိနေအိမ်/နေရာတွင်သာ နေထိုင်ရန်၊
- မိမိနေအိမ်/နေရာမှအပြင်သို့ထွက်ချိန်နှင့်လုပ်ငန်းဆောင်ရွက်ချိန်တွင် ပါးစပ်နှင့်နှာခေါင်းစည်း (mask) ကို စနစ်တကျ **မပျက်မကွက်(မပျက်မကွက်**) တပ်ဆင်ရန်၊
- အခြားသူများနှင့်ခပ်ခွာခွာနေထိုင်ရန်၊ အနည်းဆုံး (၆)ပေခန့် အကွာမှသာ ပြောဆိုဆက်ဆံရန်၊ လက်ဆွဲနှုတ်ခြင်း၊ ပွေ့ဖက်နှုတ်ဆက်ခြင်းကို လုံးဝရှောင်ကြဉ်ရန်၊ ဝိုင်းဖွဲ့စကားပြောခြင်း/ ဝိုင်းဖွဲ့ သီချင်းဆိုခြင်းကို လုံးဝ(လုံးဝ)ရှောင်ကြဉ်ရန်။

- အခြားသူများနှင့်အတူတကွ စားသောက်ခြင်း လုံးဝ(လုံးဝ)မပြုပါနှင့်။ လေဝင်လေထွက်ကောင်း သည့်နေရာတွင် တစ်ဦးချင်းသာသီးသန့်စားသောက်ရန်။
- လမ်းခရီးတွင် လမ်းကြုံဧည့်သည်လက်ခံတင်ဆောင်ခြင်း လုံးဝ(လုံးဝ)မပြုရန်။
- အိမ်တွင်း/အိမ်ပြင်အများသုံးပစ္စည်းများ(တံခါးလက်ကိုင်၊ လှေကားလက်ရန်း၊ ငွေစက္ကူ စသည်..) တို့ကို မကိုင်တွယ်မီနှင့်ကိုင်တွယ်ပြီးတိုင်း အယ်ကိုဟောလ်အနည်းဆုံး(၆၀%) ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကိုဆောင်ထား၍ လက်ကိုစနစ်တကျ ဆေးကြောရန်(သို့မဟုတ်) ဆပ်ပြာနှင့်ရေကိုအသုံးပြု၍ လက်ကိုအနည်းဆုံးစက္ကန့်(၂၀)ကြာအောင် စနစ်တကျ ဆေးကြောရန်၊လက်မဆေးဘဲ နှာခေါင်း၊ ပါးစပ်၊ မျက်စိတို့ကို ကိုင်တွယ်ခြင်းမှ လုံးဝ ရှောင်ကြဉ်ရန်။
- လူအများအခန်းတစ်ခုအတွင်း၌စုပေါင်းအိပ်စက်ခြင်းကိုရှောင်ကြဉ်ရန်။
- အာဟာရပြည့်ဝအောင် စားသုံးခြင်း၊ အိပ်ရေးဝအောင်အိပ်ခြင်း၊ သင့်တော်သော ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ခြင်းများဆောင်ရွက်ရန်။
- ဖျားခြင်း၊ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း…. စသည့် COVID-19 သံသယလက္ခဏာများ ခံစားရပါက အလုပ်မှခွင့်တောင်း၍ နီးစပ်ရာ ကျန်းမာ ရေးဌာနသို့ ချက်ချင်းဆက်သွယ်အကြောင်းကြားရန်။

### (င) အများသုံးယာဉ်များကို ပိုးသတ်သန့်စင်ခြင်း

- ယာဉ်အသုံးပြုသူများနှင့် ထိတွေ့မှု အများဆုံးဖြစ်သည့် နေရာများဖြစ်သော ကားအတက်/ အဆင်း ပြုလုပ်ရာနေရာများရှိ လက်တန်းများ၊ ကားပေါ်ရှိ လက်ကိုင်ကွင်းများ၊ ထိုင်ခုံလက်တန်းများ ခါးပတ်ကြိုးတပ်/ ဖြုတ်ရာခလုပ်များ၊ တံခါးလက်ကိုင်များ၊ ပြတင်းပေါက်မှန်များ အစရှိသောနေရာများနှင့် အကာအရံ ပြုလုပ်ထားသော မှန် (သို့) ပလတ်စတစ်တို့ကို ခရီးစဉ်တစ်ကြောင်း ပြေးဆွဲပြီးတိုင်း တစ်ကြိမ် 0.1% Sodium Hypochlorite Solution (1,000ppm) (သို့မဟုတ်) 0.1% Calcium Hypochlorite Solution (သို့မဟုတ်) 70% Ethyl Alcohol Spray ဖျန်းပြီး ပိုးသတ်သန့်စင်ရပါမည်။ ထိုသို့ပိုးသတ်သန့်စင်ရာတွင် သတ္တုမျက်နှာပြင်များကို 70% Ethyl Alcohol Spray ဖျန်းပြီး ပိုးသတ်သန့်စင်ရပါမည်။
- တစ်နေ့လျှင် အနည်းဆုံး (၁)ကြိမ် ညနေ ကားသိမ်းချိန်တွင် ကားအတွင်း/အပြင် နေရာအနှံ့အပြားကို ပိုးသတ်သန့်စင်ရပါမည်။ ထိုသို့ ပိုးသတ်သန့်စင်ရာတွင် ကားကြမ်းခင်းများကို ဆပ်ပြာရည်နှင့် ဦးစွာကြမ်းတိုက်ပြီး (၁၀)မိနစ်မှ (၃၀)မိနစ်အကြာတွင် ရေစိုအဝတ်ဖြင့် ပြန်လည်ပွတ်တိုက်ခြင်းဖြင့် ပိုးသတ်သန့်စင်ရပါမည်။

- ပိုးသတ်သန့်စင်ရာတွင် လေဝင်/လေထွက်ကောင်းစေရန် ကားပြတင်းပေါက်များကို ဖွင့်ထားပြီး လူအဝင်/ အထွက် မရှိစေရပါ။
- ပိုးသတ်သန့်စင်မည့်သူများသည် လက်ရှည်အင်္ကျီ၊ အကာအကွယ်မျက်မှန်၊ ပါးစပ်နှင့်နှာခေါင်းစည်း၊ ခေါင်းစွပ်၊ လက်အိတ်အထူအရှည်နှင့် လည်ရှည်ဖိနပ်စသော တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းများကို စနစ်တကျ ဝတ်ဆင်ရန် လိုအပ်ပါသည်။

**(စ) ပိုးသတ်သန့်စင်ဆေးရည်ဖျော်စပ်ခြင်း**

- ပိုးသတ်သန့်စင်ဆေးရည် 0.1% Sodium Hypochlorite Solution (1,000ppm) (သို့မဟုတ်) 0.1% Calcium Hypochlorite Solution (1,000ppm) ရရှိစေရန် အစွန်းချွတ်ဆေးအရည် Sodium Hypochlorite (သို့မဟုတ်) အစွန်းချွတ်ဆေးအမှုန့် Calcium Hypochlorite တို့ကို ရေဖြင့် အချိုးကျဖျော်စပ်နိုင်ပါသည်။
- အစွန်းချွတ်ဆေးအရည် (5% Sodium Hypochlorite)ကို အသုံးပြုပါက ဆေးရည် (1:50 အချိုး) ရေ(၁)လီတာတွင် ဆေးရည်(20ml) လက်ဖက်ရည်ဇွန်း (၄) ဇွန်းထည့်၍ ဖျော်စပ်ပါ။
- အစွန်းချွတ်ဆေးအမှုန့် Bleaching Powder (35% Calcium Hypochlorite)ကို အသုံးပြုပါက Bleaching Powder ထမင်းစားဇွန်းရှည် မောက်မောက်(၂)ဇွန်း (28 gram) နှင့် ရေ (၁)လီတာကို ဦးစွာရောပါ။ ထို့နောက် ရေ (၉)လီတာ ထပ်မံရောစပ်ပါ။

  **(ဖျော်စပ်ပြီး (၂၄) နာရီအတွင်း ကုန်အောင် အသုံးမပြုပါက အာနိသင် လျော့ကျနိုင်ပါသည်)**
- ဖျော်စပ်ရာတွင် အောက်ပါအချက်များကို လိုက်နာရပါမည်-
  - လေဝင်/လေထွက် ကောင်းသည့်နေရာ ဖြစ်ရပါမည်။
  - ရေအေးကိုသာ အသုံးပြုရပါမည်။
  - ပါးစပ်နှင့် နှာခေါင်းစည်း၊ ရာဘာလက်အိတ်၊ ရင်အကာနှင့် အကာအကွယ်မျက်မှန်တို့ကို အသုံးပြုရပါမည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**(၂၈ -၂-၂၀၂၁)**